ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေးတွင်
သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် နှုတ်ဖြင့်ဖြေကြားရမည့် ကြယ်ပွင့်ပြမေးခွန်းများ

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဒေါ်ယဉ်ယဉ်အောင် ထီးလင်း(၂) | ထီးလင်းမြို့ရှိ ပြည်သူ့စာကြည့်တိုက်အား ပြန်လည်ဖွင့်လှစ်နိုင်ရန် လိုအပ်သောကူညီထောက်ပံ့မှုများပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၂ | ဒေါ်ယဉ်ယဉ်အောင် ထီးလင်း(၂) | ထီးလင်းမြို့နယ်၊ ဝက်သက်ရွာမကျေးရွာရှိ မောချောင်းကူးကြိုးတံတားကို သံကူကွန်ကရစ်ဘီလီတံတားအဖြစ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဦးစားပေးအနေဖြင့်တည်ဆောက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၃ | ဒေါ်ယဉ်ယဉ်အောင် ထီးလင်း(၂) | ထီးလင်းမြို့တွင် ၁၉၄၇ ခုနှစ်က စိုက်ထူထားရှိခဲ့သော ချင်း - ဗမာချစ်ကြည်ရေးအထိမ်းအမှတ်ကျောက်စာတိုင်ကို ပြန်လည်ပြီး စိုက်ထူပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | | |
| ၄ | ဒေါ်ယဉ်ယဉ်အောင် ထီးလင်း(၂) | ထီးလင်းမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာတွင် ပြုလုပ်တဲ့ CBT ခရီးသွားလုပ်ငန်းဖော်ဆောင်ရာ၌ ကျေးရွာလိုအပ်ချက်များကို မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှလိုအပ်သလိုပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | | |
| ၅ | ဦးတင်ဝင်း မင်းတုန်း(၁) | မင်းတုန်းမြို့နယ်၊ ယင်း - ခွေးတောက်ကျေးရွာအုပ်စု၊ ခွေးတောက်ကျေးရွာ၊ အခြေခံပညာမူလတန်း (လွန်) ကျောင်းတွင် စာသင်ကျောင်းဆောင်အသစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၆ | ဒေါ်ညိုညိုဦး စေတုတ္တရာ(၁) | **မကွေးတိုင်းဒေသကြီး မသန်စွမ်းသူများ၏ အခွင့်အရေးဆိုင်ရာကော်မတီအနေဖြင့်** ယခုလက်ရှိလုပ်ငန်းစဉ်များ မည်သို့လုပ်ဆောင်နေသည်၊ ရှေ့လုပ်ငန်းစဉ်များအား မည်သို့ချမှတ်လုပ်ဆောင်သွားမည်ကို သိရှိလိုကြောင်း၊ | **လူမှုရေး** | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၇ | ဒေါ်ညိုညိုဦး စေတုတ္တရာ(၁) | မကွေးတိုင်းဒေသကြီးအတွင်းရှိ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန် သက်ဆိုင်ရာဌာနများမှ တင်ဒါခေါ်ယူမှုနှင့်ပတ်သက်၍ ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်ရန်အတွက် လွှတ်တော်ကိုယ်စားလှယ်များအပါအဝင် ပါဝင်သင့်၊ ပါဝင်ထိုက်သူများ၏ဆုံးဖြတ်ချက်ဖြင့် အတည်ပြုပေးသည့် လုပ်ငန်းစဉ်အား လုပ်ဆောင်သွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | | |
| ၈ | ဒေါ်ညိုညိုဦး စေတုတ္တရာ(၁) | မကွေးတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ သီးနှံရောင်းချရာတွင် စံချိန်ကိုက် အလေးချိန် ကွာခြားနေသဖြင့် တိကျသောစံချိန်ကိုက်အလေးချိန်၊ အတိုင်းအတာများ သုံးစွဲနိုင်ရေး ကြပ်မတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **စီမံ/ဘဏ္ဍာ** | |
| ၉ | ဒေါ်ညိုညိုဦး စေတုတ္တရာ(၁) | ကျေးလက်လမ်းစာရင်းဝင် မဖြစ်သေးသော ကျေးလက်လမ်းများအား ဖောက်လုပ်ရာတွင် **လမ်းပုံထုတ်တိုင်းတာရေးအဖွဲ့**၏ တွက်ချက်မှုဖြင့် စီမံခန့်ခွဲမှုတစ်ရပ်အား ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၁၀ | ဒေါ်ညိုညိုဦး စေတုတ္တရာ(၁) | စေတုတ္တရာမြို့နယ်၊ မုံညင်းကျေးရွာနှင့် ပွင့်ဖြူမြို့နယ်၊ ကံရွာကျေးရွာတို့ ဆက်သွယ်သောလမ်းပိုင်းအား မြေသားလမ်းအဆင့်ဆောင်ရွက်ပေးရန်နှင့်ကျေးလက်လမ်းစာရင်းဝင်ဖြစ်မြောက်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရမှ ထည့်သွင်းစဉ်းစားပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၁၁ | ဒေါ်ညိုညိုဦး စေတုတ္တရာ(၁) | စလင်း - စေတုတ္တရာလမ်းပိုင်းမှ သံဆည် - ငမ - ကြီးအုံ - ကြီးဝချင်း ဆက်သွယ်သောလမ်းအား မြေသားလမ်းအဆင့် ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၁၂ | ဒေါ်ညိုညိုဦး စေတုတ္တရာ(၁) | စေတုတ္တရာမြို့နယ်၊ အုံးဝါး - ပင်းလှ(၃)မိုင်လမ်းအား မြေသားလမ်းဖောက်လုပ်ခြင်းနှင့် တွယ်လင်ရွာအတွက် စက်ယန္တရားဖြင့် ချောင်းရေလွှဲခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း၊ | | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁၃ | ဒေါ်ညိုညိုဦး စေတုတ္တရာ(၁) | စေတုတ္တရာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဟောလုံဇည့်ရိပ်သာဝန်းအတွင်းတွင် အလျား(၄၀)ပေ၊ အနံ(၃၀)ပေ (RC)နှစ်ထပ် အဆောက်အဦ(၁)လုံး ဆောက်လုပ်ရန် လိုအပ်သောငွေကြေး ချထားပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **လုံနယ်** | |
| ၁၄ | ဦးတင်မောင်ဦး ဆင်ပေါင်ဝဲ(၁) | ဆင်ပေါင်ဝဲမြို့နယ်၊ ဘော်မြင့်ကျေးရွာ ကျန်းမာရေးဌာနခွဲအား ကျန်းမာရေးဌာနအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၁၅ | ဦးတင်မောင်ဦး ဆင်ပေါင်ဝဲ(၁) | ဆင်ပေါင်ဝဲမြို့နယ်၊ ဘော်မြင့်ကျေးရွာအုပ်စု၊ မကြီးပင်ပုရွာအဝင်တွင် ကျေးရွာလူထုမှ ကိုယ်ထူကိုယ်ထဆောက်လုပ်ထားသော တံတားအား ပြန်လည်ပြုပြင်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၁၆ | ဦးတင်မောင်ဦး ဆင်ပေါင်ဝဲ(၁) | ဆင်ပေါင်ဝဲမြို့နယ်၊ မွန်းညောင်ပင်သာကျေးရွာရှိ ရှားတောကန်အား ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၁၇ | ဦးတင်မောင်ဦး ဆင်ပေါင်ဝဲ(၁) | ဆင်ပေါင်ဝဲမြို့နယ်၊ ဧရာဝတီမြစ်၏အနောက်ဘက်ခြမ်းရှိ မိုးနတ်ကုန်းကျေးရွာနှင့် ကပစ(၁၃)သို့ ဆက်သွယ်ဖောက်လုပ်ထားသော ကျောက်စရစ်မြေသားလမ်းအား ရာသီမရွေးသွားလာနိုင်ရန်အတွက် ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင်ဖောက်လုပ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၁၈ | ဦးတင်မောင်ဦး ဆင်ပေါင်ဝဲ(၁) | ဆင်ပေါင်ဝဲမြို့နယ်၊ ငန်းပြားကျေးရွာနှင့် ထူးပေါက်ကျေးရွာ ကျေးရွာချင်းဆက်လမ်းရှိ ချောင်းကူးမြေသားဘောင်အား နွေ၊ မိုး၊ ဆောင်းသွားလာရေး လွယ်ကူစေရန်အတွက် ရေလွှဲရေကျော်ပေါက် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |

| စဉ် | ကိုယ်စားလှယ်အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁၉ | ဦးအေးလှိုင်ဦး မင်းတုန်း(၂) | မင်းတုန်းမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့်မင်းတုန်းမြို့မရဲစခန်းတို့၏ခြံစည်းရိုးများအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ဖြည့်စွက်ရန်ပုံငွေ သို့မဟုတ် ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်ရန်ပုံငွေဖြင့် အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **လုံနယ်** | |
| ၂၀ | ဦးအေးလှိုင်ဦး မင်းတုန်း(၂) | မင်းတုန်းမြို့နယ်အတွင်းရှိ အချို့သော အခြေခံပညာကျောင်းများအနေဖြင့် မြေစာရင်းပုံစံ(၁၀၅) များ ထုတ်ယူရရှိရန် အခက်အခဲများ ဖြစ်ပေါ်နေခြင်းနှင့်စပ်လျဉ်း၍ သိရှိလိုကြောင်း၊ | | |
| ၂၁ | ဦးအောင်သန်း ပေါက်(၁) | ပေါက်မြို့နယ်၊ သက္ကယ်ကျင်းကျေးရွာနှင့် ဆောမြို့နယ်၊ ကျောက်လိပ်ကျေးရွာ ရွာချင်းဆက်လမ်းအား ကျောက်လိပ်ကျေးရွာ ပြည်သူများမှ ပိတ်ဆို့ထားသည်ကို  အမြန်ဆုံးဖွင့်လှစ်ဖယ်ရှားပေးရန် မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း၊ | **စိုက်/ မွေး** | |
| ၂၂ | ဦးအောင်သန်း ပေါက်(၁) | မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား/သူကလေးများ၏ ယာဉ်တိုက်မှုအန္တရာယ်မှ ကင်းလွတ်စေရန် မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မည်ကို သိရှိလိုကြောင်း၊ | **လုံနယ်** | |
| ၂၃ | ဦးသန်းဆွေ မြို့သစ်(၁) | မြို့သစ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ပင်မအဆောက်အဦအား တိုးချဲ့တည်ဆောက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **လုံနယ်** | |
| ၂၄ | ဦးသန်းဆွေ မြို့သစ်(၁) | မြို့သစ်မြို့နယ်၊ တပ်ကုန်းကျေးရွာအုပ်စု၊ ကြို့ကျောင်းကုန်းကျေးရွာ မူလတန်းကျောင်းအား ကျောင်းဆောင်သစ်တစ်ဆောင် ချထားပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၂၅ | ဦးမောင်ကို မင်းလှ(၂) | မင်းလှမြို့နယ်၊ ပနီချောင်းအနောက်ဘက်ကမ်း ရွာ(၇)ရွာနှင့် ပနီချောင်းအရှေ့ဘက် ကမ်းရှိ လက်ပံတံခါးကျေးရွာတို့ ဆက်သွယ်သည့်လမ်း(၈)မိုင်ခန့်အား အမြန်ဆုံးဖောက်လုပ်ပေးနိုင်ရန်နှင့် မည်သည့်ဘဏ္ဍာနှစ်အတွင်း လုပ်ဆောင်ပေးနိုင်မည်ကို သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |

| စဉ် | ကိုယ်စားလှယ်အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၂၆ | ဦးမောင်ကို မင်းလှ(၂) | မင်းလှမြို့နယ်၊ မီးလောင်ကုန်းရွာ၊ ဘန့်ပြင်ရွာ - ပုသိမ် - မုံရွာကားလမ်း(၇ မိုင်၊ ၆ ဖာလုံ)အား အမြန်ဆုံးဖောက်လုပ်ပေးနိုင်ပါရန်နှင့် မည်သည့်ဘဏ္ဍာနှစ်အတွင်း ပြုလုပ်ပေးနိုင်မည်ကို သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၂၇ | ဦးမောင်ကို မင်းလှ(၂) | မင်းလှမြို့ပေါ်ရှိ အထက်မြန်မာပြည်စောင့်ကြည့်ရေးအဖွဲ့(C.S.O)ဆိုင်းဘုတ်နှင့် ရှမ်းတပ်ကျေးရွာ အထက်မြန်မာပြည်စောင့်ကြည့်ရေးအဖွဲ့ ဆိုင်းဘုတ်နှင့်ရုံးခန်းတို့သည် အသင်းအဖွဲ့ ဖွဲ့စည်းခြင်းဆိုင်ရာဥပဒေနှင့်အညီ လုပ်ဆောင်ခဲ့ခြင်းရှိ/မရှိ၊ ဆိုင်းဘုတ်နှင့်ရုံးခန်းတို့အတွက် ဥပဒေနှင့်အညီ ဆောင်ရွက်မှုရှိ/မရှိစိစစ်ရန် မည်သည့်ဌာနတွင် တာဝန်ရှိကြောင်းနှင့်ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်းမဟုတ်ကြောင်းစိစစ်တွေ့ရှိပါကမည်ကဲ့သို့ဆက်လက်ဆောင်ရွက်မည်ကိုသိရှိလိုကြောင်း၊ | | |
| ၂၈ | ဦးတင့်လွင် ရေနံချောင်း(၁) | မြစိမ်းရောင်ကဏ္ဍ(၃)ခုမှမွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၏မြစိမ်းရောင်စီမံကိန်း(အသားကဏ္ဍ) ကိုလုံးဝပျောက်ဆုံးမသွားမီ အလျင်အမြန်တည့်မတ်ပေးရန် လိုအပ်နေသဖြင့် စနစ်တကျဖွံ့ဖြိုးလာစေရန် မည်ကဲ့သို့ဆောင်ရွက်မည်နှင့် ကျန်ကဏ္ဍ(၂)ခုဖြစ်သည့် ငါးလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနတို့ကိုလည်းယခုထက်အောင်မြင်ဖွံ့ဖြိုးရန်စီစဉ်ထားခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၂၉ | ဦးတင့်လွင် ရေနံချောင်း(၁) | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ကျန်ရှိသော သက်တမ်း(၂)နှစ်အတွင်း ရငွေသုံးငွေစာရင်းများကို လျာထားသတ်မှတ်ရာတွင် မူဝါဒချမှတ်ရေးဆွဲ၍ စနစ်တကျခွဲဝေလျာထားပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | | |
| ၃၀ | ဦးတင့်လွင် ရေနံချောင်း(၁) | ကိုယ်အားကိုယ်ကိုးပင်းချောင်းပဲ့ဆည်အား ရွာသားများလုပ်အားသက်သက်ဖြင့် မလုပ်ဆောင်နိုင်တော့၍ တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်သို့သော နည်းပညာအကူအညီများ ပေးနိုင်မည်ကို သိရှိလိုကြောင်း၊ | **စိုက်မွေး** | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၃၁ | ဦးတင့်လွင် ရေနံချောင်း(၁) | အစိုးရပိုင်ထွန်စက်နှင့် လက်တွန်းထွန်စက်များ၏ ဝင်ငွေနှင့်ထွက်ငွေစာရင်း၊ သုံးစွဲခဲ့သူများ၏ စာရင်း၊စက်များ၏ခိုင်ခံ့မှုအခြေအနေနှင့်စက်များကို မည်သို့စီမံခန့်ခွဲသုံးစွဲမည်ကို သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၃၂ | ဦးတင့်လွင် ရေနံချောင်း(၁) | ရေနံချောင်းမြို့နယ်၏ လျှပ်စစ်ကဏ္ဍနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ ထောက်ပံ့မှု ပေးနိုင်မည်ကို သိရှိလိုကြောင်း၊ | **သယံဇာတ** | |
| ၃၃ | ဦးတင့်လွင် ရေနံချောင်း(၁) | ရေနံချောင်းမြို့၊ မြို့မဈေးကြီးသည် ဆောက်လုပ်ရေးလမ်းဦးစီးပိုင် ပဆငလမ်းပေါ်သို့ရောက်ရှိ နေခြင်းကြောင့် လမ်းကျဉ်း၍ ယာဉ်ကြောပိတ်ဆို့မှုအား တိုင်းဒေသကြီးအစိုးရအနေဖြင့် အလျင် အမြန် လုပ်ဆောင်ပေးနိုင်ခြင်းရှိ/ မရှိသိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၃၄ | ဦးကျော်လွင် ဆင်ပေါင်ဝဲ(၂) | ဆင်ပေါင်ဝဲမြို့နယ်၊ ပိတောက်စမ်းကျေးရွာနှင့် အင်ပင်လှကျေးရွာသို့ဆက်သွယ်သည့် ကားလမ်း အား ရေမြောင်းအပါ မြေသားလမ်းဖောက်လုပ်ပြီး မြေနီကျောက်စရစ်ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၃၅ | ဦးကျော်လွင် ဆင်ပေါင်ဝဲ(၂) | ဆင်ပေါင်ဝဲမြို့နယ်၊ စည်ပင်ကျေးရွာနှင့် ခရိုင်ချင်းဆက်လမ်းသို့ ဆက်သွယ်သည့် လမ်းအား ရေမြောင်းအပါ မြေသားလမ်းဖောက်လုပ်ပြီး မြေနီကျောက်စရစ် ခင်းပေးနိုင်ရန် အစီအစဉ် ရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၃၆ | ဦးကျော်လွင် ဆင်ပေါင်ဝဲ(၂) | ဆင်ပေါင်ဝဲမြို့နယ်၊ ရွှေပြည်သာကျေးရွာနှင့် သာဂရလမ်းသို့ ဆက်သွယ်သည့် လမ်းအရှည် (၅) မိုင်(၅)ဖာလုံအား ရေမြောင်းအပါ မြေသားလမ်းဖောက်လုပ်ပြီးမြေနီကျောက်စရစ်ခင်းပေးနိုင်ရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၃၇ | ဗိုလ်မှူးရဲမောင် တပ်မတော်သား ကိုယ်စားလှယ် | တောင်တွင်းကြီးမြို့နယ်၊ ရွာသာအခြေခံပညာအထက်တန်းကျောင်းခွဲအား အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၃၈ | ဗိုလ်မှူးရဲမောင် တပ်မတော်သား ကိုယ်စားလှယ် | တောင်တွင်းကြီးမြို့နယ်၊ အောင်းစုကျေးရွာအုပ်စု၊ ရွာသာကျေးရွာ အနောက်လမ်းခွဲတွင် တည်ရှိသော ယင်းချောင်းကူးတံတား ချဉ်းကပ်လမ်းအရှည်ပေ (၁၀၀၀) အား ကျောက်ချောမြေနီလမ်းအဖြစ် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် သို့မဟုတ် အနီးစပ်ဆုံးဘတ်ဂျက်တွင် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၃၉ | ဗိုလ်မှူးရဲမောင် တပ်မတော်သား ကိုယ်စားလှယ် | တောင်တွင်းကြီးမြို့နယ်၊ အောင်းစုကျေးရွာအုပ်စု ပင်ညွန့်ကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် သို့မဟုတ် အနီးစပ်ဆုံး ဘတ်ဂျက်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **သယံဇာတ** | |
| ၄၀ | ဗိုလ်မှူးရဲမောင် တပ်မတော်သား ကိုယ်စားလှယ် | ရန်ကုန် - တောင်တွင်းကြီးကားလမ်းမှ ရွာသစ်ရွာထိပ်အထိ ခင်းရန်ကျန်ရှိနေသော လမ်းအရှည် (၁၀၁၆၀)ပေ၊ အကျယ်(၄၀)ပေအား ကျောက်ချောမြေနီခင်းပေးနိုင်ရေး ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် သို့မဟုတ် အနီးစပ်ဆုံး ဘတ်ဂျက်တွင် ထည့်သွင်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၄၁ | ဗိုလ်မှူးရဲမောင် တပ်မတော်သား ကိုယ်စားလှယ် | တောင်တွင်းကြီးမြို့နယ်၊ ဆူးကောက်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာ လျှပ်စစ်ဓာတ်အားရရှိရေးအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ် သို့မဟုတ် အနီးစပ်ဆုံး ဘတ်ဂျက်တွင် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **သယံဇာတ** | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၄၂ | ဗိုလ်မှူးရဲမောင် တပ်မတော်သား ကိုယ်စားလှယ် | တောင်တွင်းကြီးမြို့နယ်၊ ဆူးကောက်ကြီးကျေးရွာအုပ်စု၊ ညောင်ပင်သာကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခုအား အနီးစပ်ဆုံး ဘဏ္ဍာရေးနှစ်တွင် ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၄၃ | ဦးစိုးဝင်း ချောက်(၂) | ချောက်မြို့နယ်၊ ထောက်ရှည်ကန် လေးပင်ကုန်းလမ်းပိုင်း၏ ဆူးတောဆေးရုံသွားလမ်း ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားသော လမ်းအပိုင်းအား မည်ကဲ့သို့စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၄၄ | ဦးစိုးဝင်း ချောက်(၂) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ငါးလုပ်ငန်းဦးစီးဌာန၏ တိကျ ခိုင်မာမှုမရှိသော ဂရန်အင်းဇရိယာ သတ်မှတ်ဆောင်ရွက်နေခြင်းများအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း အမိန့်ညွှန်ကြားချက်များနှင့်အညီ ထိရောက်လျင်မြန်စွာ စနစ်တကျ စိစစ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | အဆိုမှမေးခွန်း ပြောင်း |
| ၄၅ | ဦးမြင့်အောင် ကံမ(၂) | ကံမမြို့နယ်၊ အလယ် - ကဒူးပြင်လမ်းအား မြေနီကျောက်စရစ်ခင်းပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၄၆ | ဦးအေးကျော် အောင်လံ(၂) | အောင်လံမြို့နယ်၊ စမြကျေးရွာနှင့် မုန်ညင်းရိုးကျေးရွာအကြားရှိ လမ်းကို ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေ(RE)ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၄၇ | ဦးအေးကျော် အောင်လံ(၂) | အောင်လံမြို့နယ်၊ မြင်းကပိုင်ကျေးရွာအုပ်စု၊ စစ္စပါးကျေးရွာကို 11 KV ဓာတ်အားလိုင်းနှင့်100 KVA Transformer (၁)လုံးအား ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဖြည့်စွက်ရန်ပုံငွေ (RE)ဖြင့် ဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **သယံဇာတ** | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၄၈ | ဒေါ်သက်မွန်အေး ဆိပ်ဖြူ(၁) | ဆိပ်ဖြူမြို့နယ်၊ ရေထွက်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန (ခွဲ) အသစ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၄၉ | ဒေါ်သက်မွန်အေး ဆိပ်ဖြူ(၁) | ဆိပ်ဖြူမြို့နယ်၊ ပေတောကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာန (ခွဲ) အသစ် ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၅၀ | ဒေါ်သက်မွန်အေး ဆိပ်ဖြူ(၁) | ဆိပ်ဖြူမြို့ ပြည်သူ့ဆေးရုံကြီးတွင်Digital ဓါတ်မှန်စက်အသစ်(၁)လုံးချထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၅၁ | ဦးဝင်းမြင့်လှိုင် တောင်တွင်းကြီး(၂) | တောင်တွင်းကြီးမြို့နယ်ရှိ (၁၆)ကုတင်ဆံ့ မြို့နယ်တိုင်းရင်းဆေးရုံအတွက် ဆေးရုံအဆောက်အဦ နှင့် ဝန်းခြံ ဆောက်လုပ်နိုင်ရန် ခွင့်ပြုရန်ပုံငွေ ချထားပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၅၂ | ဦးဝင်းမြင့်လှိုင် တောင်တွင်းကြီး(၂) | မကွေးတိုင်းဒေသကြီးအတွင်း မွေးမြူရေးကဏ္ဍဖွံ့ဖြိုးရေး၊ သားငါးနှင့်တိရစ္ဆာန်နို့ အမျိုးမျိုး ထုတ်လုပ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ပံ့ပိုးမှုချေးငွေများအား လိုအပ်နေသည့် ကျေးရွာ များသို့ ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၅၃ | ဦးဝင်းမြင့်လှိုင် တောင်တွင်းကြီး(၂) | တောင်တွင်းကြီးမြို့နယ်တွင် နယ်မြေမီးသတ်စခန်းရုံး အဆောက်အဦသစ်များ၊ မီးသတ်ယာဉ် များ ခွင့်ပြုချထားပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **လုံနယ်** | |
| ၅၄ | ဦးဝင်းမြင့်လှိုင် တောင်တွင်းကြီး(၂) | မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီများတွင် ဒေသခံ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအား ထည့်သွင်းပေးနိုင်ရေး ပြင်ဆင်သတ်မှတ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |

| စဉ် | ကိုယ်စားလှယ်အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၅၅ | ဒေါ်မြင့်စန်း ပေါက်(၂) | ပဋ္ဌမပုံမှန်အစည်းအဝေးတွင် အတည်ပြုပြီးဖြစ်သော မြစ်ချောင်း၊ ချောင်းများ၊ သဲချောင်းများ အတွင်း အမှိုက်စွန့်ပစ်ခြင်းအား တားဆီးပေးစေလိုကြောင်း အဆိုနှင့်ပတ်သက်၍ အစိုးရအဖွဲ့မှ ဆောင်ရွက်နေလျှင် မည်သည့်အခြေအနေသို့ ရောက်ရှိနေသည်ကို ဖြေကြားပေးရန်နှင့် မဆောင် ရွက်သေးလျှင်မည်သည့်နှစ်၊ မည်သည့်လတွင် လက်တွေ့အကောင်အထည်ဖော်ပေးမည်ကို သိရှိ လိုကြောင်း၊ | | |
| ၅၆ | ဒေါ်မြင့်စန်း ပေါက်(၂) | အခြေခံပညာကျောင်းများတွင် ကလေးစာပေကို လစဉ်ပုံမှန်ပံ့ပိုးခြင်းနှင့် ကျေးရွာစာကြည့်တိုက် များ သက်ဝင်လှုပ်ရှားစေရန် မည်ကဲ့သို့ ဆောင်ရွက်သွားမည်ကို သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၅၇ | ဒေါ်မြင့်စန်း ပေါက်(၂) | ပေါက်မြို့နယ်အတွင်း သိမ်းဆည်းခံဧရိယာအတွင်း ကျရောက်နေသော ကျေးရွာများအချင်းချင်း ဆက်သွယ်သည့် ကျေးလက်လမ်းများအား ကျေးလက်လမ်းဦးစီးဌာနမှ လွတ်လပ်စွာဆောင်ရွက် ပိုင်ခွင့်ပေးရန်နှင့် ဆောင်ရွက်ပိုင်ခွင့်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၅၈ | ဦးလှိုင်မြင့်သန်း မင်းလှ(၁) | မင်းလှမြို့နယ်၊ စမ်းအိုင်ကျေးရွာအုပ်စု၊ စမ်းအိုင်ကျေးရွာ၏အရှေ့ဘက်တွင်ရှိသော တောင်ကြား ဆည်ကြီးအား ပြန်လည်ပြုပြင်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၅၉ | ဦးလှိုင်မြင့်သန်း မင်းလှ(၁) | မင်းလှမြို့နယ်၊ လှေ့စဉ်အုပ်စု၊ လှေ့စဉ်ကျေးရွာ၏အရှေ့တောင်ဘက်(၁)မိုင်ခန့်အကွာတွင်ရှိသော ဟွန်းမဆည်အား ရေလွှဲဆည်အဖြစ်ပြုပြင် တည်ဆောက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၆၀ | ဦးလှိုင်မြင့်သန်း မင်းလှ(၁) | မကွေးတိုင်းအတွင်းရှိ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးရန်ပုံ ငွေမှ ဘတ်ဂျက်သတ်မှတ်၍ ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း၊ | **ချင်းဝန်ကြီး** | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၆၁ | ဦးလှိုင်မြင့်သန်း မင်းလှ(၁) | မင်းလှမြို့နယ်၊ သွေ့ကျောက်အုပ်စု၊ လက်ပံခုံကျေးရွာတွင် ကျေးလက်ဆေးပေးခန်းခွဲ တစ်ခုနှင့် ကျန်းမာရေးဆရာမတစ်ဦး ချထားပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၆၂ | ဒေါ်အေးယုမော် သရက်(၁) | သရက်မြို့နယ်၊ ပါးပွတ်ကျေးရွာမှ ပုဏ္ဏားကျေးရွာအထိ လမ်း(၇)မိုင် (၇)ဖာလုံအား မြေနီလမ်း ချထားပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၆၃ | ဒေါ်အေးယုမော် သရက်(၁) | သရက်မြို့နယ်၊ ရွာမကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအား စံကိုက်အဆောက်အဦ အသစ် တည်ဆောက်ပေးရန်အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၆၄ | ဒေါ်အေးယုမော် သရက်(၁) | သရက်မြို့ စည်ပင်သာယာလမ်းဘေးများတွင် ရောင်းချနေသော ဈေးဆိုင်များကို စည်ပင်သာယာ ဈေးကြီးထဲသို့ စနစ်တကျပြောင်းရွှေ့ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **စီမံ/ဘဏ္ဍာ** | |
| ၆၅ | ဦးတင်မောင်ဦး ဆင်ပေါင်ဝဲ(၁) | ပြည်သူ့ကျန်းမာရေးလိုအပ်ချက်အတွက် ကျေးရွာအုပ်စုများ၌ ကျန်းမာရေးဌာနခွဲ(S.R.H.C)များ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | အဆိုမှမေးခွန်း ပြောင်း |
| ၆၆ | ဒေါ်ဇင်နီနီဝင်း ပခုက္ကူ(၂) | ပခုက္ကူမြို့နယ်အတွင်း အခြားနိုင်ငံများမှ လာရောက်၍ လုပ်ကိုင်နေသော စိုက်ပျိုးရေးလုပ်ငန်း များအား စိုက်ပျိုးရေးဌာနအနေဖြင့် ဝင်ရောက်စစ်ဆေးခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၆၇ | ဒေါ်ဇင်နီနီဝင်း ပခုက္ကူ(၂) | မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ အများပြည်သူအား ဝန်ဆောင်မှုပေးနေသော အထိုင်ကြိုးဖုန်း (အော်တိုအိတ်ချိန်းလိုင်း)များအား ဆက်သွယ်ရေးစနစ်ကောင်းမွန်စေရန် သက်ဆိုင်ရာဝန်ကြီး ဌာနအနေဖြင့် မည်ကဲ့သို့ပြုလုပ်ပေးမည်ကို သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၆၈ | ဒေါ်ဇင်နီနီဝင်း ပခုက္ကူ(၂) | တန့်ကြည်တောင်ဘုရား ဂေါပကအသစ် ပြန်လည်ရွေးချယ်ပြီးဖြစ်သော်လည်း အဘယ်ကြောင့် ပြောင်းလဲခြင်း မရှိသေးသည်ကို သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၆၉ | ဒေါ်ဇင်နီနီဝင်း ပခုက္ကူ(၂) | ပခုက္ကူ - ဆိပ်ဖြူလမ်း မိုင်တိုင်(၂၇)မှ ကံတွင်းတံတားအထိ လမ်းအကျယ်(၁၂)ပေအား (၁၈) ပေ ချဲ့၍ခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၇၀ | ဒေါ်ဇင်နီနီဝင်း ပခုက္ကူ(၂) | ပခုက္ကူမြို့နယ်၊ ကျွန်းချောင်းလေးကျေးရွာအနီး ရယူထားသောမြေသည် မည်သည့်ကုမ္ပဏီမှ အစိုးရသို့ ပေးသွင်းငွေ မည်မျှနှင့် မည်သည့်လုပ်ငန်းပြုလုပ်ရန် ရယူထားပြီး မည်သို့သောစာချုပ်ဖြင့် ချုပ်ဆိုထားသည်ကိုလည်းကောင်း၊ စာချုပ်ဖြင့်ငှားရမ်းထားသည်ဆိုပါက စာချုပ်ပါအချက်အလက်များကိုလည်းကောင်း၊ အဆိုပါမြေကို လက်တွေ့အကောင်အထည်ဖော်ခြင်းမရှိပါကအစိုးရအနေနှင့် မည်ကဲ့သို့ဆက်လက်ဆောင်ရွက်မည်ကိုလည်းကောင်း သိရှိလိုကြောင်း၊ | **လုံနယ်** | |
| ၇၁ | ဦးခင်မောင်လွင် ငဖဲ(၂) | ငဖဲမြို့၊ ကျောင်းတွင်းရပ်ကွက်၊ ကျောင်းတွင်းကွင်းအတွင်းရှိ တောကျောင်းကန်အား ကန်ပေါင်မြှင့်တင်ခြင်း၊ ရေပိုလွှဲနှင့် ရေထုတ်ပြွန်၊ ရေတံခါးများ တပ်ဆင်ခြင်းများကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၇၂ | ဦးခင်မောင်လွင် ငဖဲ(၂) | ဆင်ချီတိုင်အုပ်စု၊ ငလှိုင်တောကျေးရွာ၏အရှေ့ဘက်ရှိ ကျောက်တန်းကန်အား နုံးတူးဖော်ခြင်း၊ ကန်ပေါင်မြှင့်ခြင်း၊ ရေပိုလွှဲနှင့် ရေထုတ်တံခါး တပ်ဆင်ခြင်းကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၇၃ | ဦးခင်မောင်လွင် ငဖဲ(၂) | ငဖဲမြို့နယ်၊ ဇင်ပြွန်းအုပ်စု၊ ပျဉ်းဝ၊ ဂုတ်ဝရွာအနီး တည်ဆောက်ထားသော စုပေါင်းစစ်ဆေးရေးဂိတ်တွင် သန့်စင်ခန်းတစ်ခုနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့ကောင်းမွန်စေရန် အတွက် လျှပ်စစ်မီးနှင့်ရေရရှိရေး အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **လုံနယ်** | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၇၄ | ဦးခင်မောင်လွင် ငဖဲ(၂) | ငဖဲမြို့တွင် စုပေါင်းဝန်ထမ်းအိမ်ယာ (၆)ခန်းတွဲ (၂)ထပ်၊ (၃)ဆောင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၇၅ | ဦးသိန်းလှ ရေနံချောင်း(၂) | မကွေးတိုင်းဒေသကြီးအတွင်း တရားဝင်ဖွင့်လှစ်ထားရှိသော ကာရာအိုကေ(KTV)ဆိုင် အရေအတွက်နှင့် စည်းမျဉ်းစည်းကမ်းနှင့်မညီညွတ်သော ဆိုင်များကို ထိရောက်စွာ အရေးယူဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **လုံ/နယ်** | |
| ၇၆ | ဦးသိန်းလှ ရေနံချောင်း(၂) | ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးဌာနမှဖွင့်လှစ်ထားသော ရတနာဈေးအား ပြန်လည်ပြုပြင်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | | |
| ၇၇ | ဦးသိန်းလှ ရေနံချောင်း(၂) | မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်ရန် ကျန်ရှိနေသည့်(၂)နှစ်အတွင်း အိမ်ထောင်စုဇယားများ၊ နိုင်ငံသားစိစစ်ရေးကတ်များနှင့် ကျောင်းသား/ ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **လဝက** | |
| ၇၈ | ဦးကျော်မြင့် ဆော(၂) | ဆောမြို့နယ်၊ ကျောက်ပျဉ်း - ငါလွှန်း - ကျောက်မမြောင်း၏ ဂငယ်အကွေ့အား ပေ(၁၂၀)ခန့် အရှည်ရှိ ဘိလပ်ခေါင်း ရေသွယ်လျှောက်ပြုလုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၇၉ | ဦးကျော်စွမ်းရည် မင်းဘူး(၁) | မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီးမှ Oxygen Plant အတွက် မီးအားပြည့်မီရန် လိုအပ်နေသော Transformer 315 KVA (၁)လုံးအား အချိန်နှင့်တပြေးညီ တပ်ဆင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၈၀ | ဦးကျော်စွမ်းရည် မင်းဘူး(၁) | မင်းဘူးမြို့ ပြည်သူ့ဆေးရုံကြီးတွင် ခွေးရူးပြန်ရောဂါကာကွယ်ဆေး ပြတ်လပ်နေ၍ ခွေးရူးပြန်ရောဂါကာကွယ်ဆေး ဝယ်ယူထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၈၁ | ဦးတင့်ဆန်း ပွင့်ဖြူ(၂) | မင်းဘူး - စလင်း(BOT)လမ်း၊ ပွင့်ဖြူမြို့နယ်၊ ရောက်တော - ဥယျာဉ်ကျစ်လမ်းဆုံပေါ်တွင်ရှိသော ခရီးသည်တင် မော်တော်ယာဉ်ဂိတ်များအား ရွှေ့ပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၈၂ | ဦးတင့်ဆန်း ပွင့်ဖြူ(၂) | ပွင့်ဖြူမြို့နယ် တောင်ဘက်တွင် စီးဆင်းနေသော ရေဆိုးထုတ်ချောင်းအား တူးဖော်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၈၃ | ဦးတင့်ဆန်း ပွင့်ဖြူ(၂) | ပွင့်ဖြူမြို့နယ်၊ ရွာခိုင်ကျေးရွာအနီး မုန်းချောင်းကမ်းပါးပြိုကျနေမှုအား ရေကာတာတစ်ခု ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | | |
| ၈၄ | ဦးတင့်ဆန်း ပွင့်ဖြူ(၂) | ပွင့်ဖြူမြို့နယ်၊ မဲဇလီဆည်ကြီး၏ တောင်မုန်းမြောင်းမကြီးနှင့် မြောက်မုန်းမြောင်းမကြီးများ၏ မြေသားနံရံများအစား အမာခံ အုတ်စီလိုင်နင်းများ တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၈၅ | ဦးအောင်ဆန်းဝင်း ဂန့်ဂေါ(၂) | မုံရွာ - ပုလဲ - ဂန့်ဂေါ - ကလေးလမ်းပေါ်ရှိ ပုံညာတောင်ကို ဖောက်လုပ်ထားသော လမ်းအပိုင်း၌ လမ်းကမ်းပါးများ ပြိုကျနေမှုအား ရေရှည်ခိုင်မြဲစေရန် နောက်မိုးမကျမီ လမ်းချဲ့ခြင်း၊ ကျောက်စီ မြေထိန်းခြင်းလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၈၆ | ဦးအောင်ဆန်းဝင်း ဂန့်ဂေါ(၂) | ဂန့်ဂေါ - ကလေးလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၃၆/၃)နှင့် (၄၀/၃)မိုင်ကြားရှိ (၄)မိုင်(၀)ဖာလုံအား အရေးပေါ်လိုအပ်ချက်အရ ဘတ်ဂျက်လျာထားဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၈၇ | ဦးဟန်ဇော်ဝင်း ပခုက္ကူ(၁) | ပခုက္ကူ မြို့လယ်ခေါင်ရှိ ပိတ်ထားသည့် ကိန္နရာလမ်းမကြီးအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်ပေးရန်နှင့် ပိုမိုကောင်းမွန်စေရန်အတွက် အဆင့်မြှင့်တင် ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **စီမံ/ဘဏ္ဍာ** | |
| ၈၈ | ဦးဟန်ဇော်ဝင်း ပခုက္ကူ(၁) | ပခုက္ကူမြို့နယ်အတွင်း မိုင်တိုင်အမှတ် (၁၆/၈)မိုင်နှင့် (၁၆/၃)မိုင်အကြားရှိ နတ်အင်းချောင်းအား ရာသီမရွေးသွားလာရေး အဆင်ပြေလွယ်ကူစေရန် ရေကျော်တည်ဆောက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၈၉ | ဦးကျော်ဆန်းအောင် ဆိပ်ဖြူ(၂) | ဆိပ်ဖြူ - ဆော - ကန်ပတ်လက်လမ်းပေါ်ရှိ ရေကျော်(၆)စင်းအား တံတားတည်ဆောက်ပေးနိုင်ခြင်းရှိ/ မရှိနှင့် မည်သည့်ဘဏ္ဍာနှစ်တွင် လျာထားပေးနိုင်မည်ကို သိရှိလိုကြောင်း၊ | | |
| ၉၀ | ဦးသက်ခိုင် စလင်း(၂) | မကွေးတိုင်းဒေသကြီးအတွင်း သမဝါယမအသင်းများ မည်သို့ဖွဲ့စည်းလည်ပတ်လျက်ရှိကြောင်းနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ဒေသပြည်သူများ၏ထည့်ဝင်ငွေဖြင့် ဝယ်ယူထားခဲ့သောအသင်း၏ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို မည်သို့စီမံခန့်ခွဲပြီး မည်သို့အကျိုးအမြတ်ခွဲဝေလျက်ရှိသည်ကို သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၉၁ | ဦးသက်ခိုင် စလင်း(၂) | မကွေးတိုင်းဒေသကြီးအတွင်း မြို့အဖြစ် သတ်မှတ်ပေးခဲ့သော မြို့များတွင် စည်ပင်သာယာရေးလုပ်ငန်းများကို မြို့အင်္ဂါရပ်နှင့်အညီ လုပ်ဆောင်နိုင်ရန် မြို့စည်ပင်သာယာရေးကော်မတီများ သီးခြားဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **စီမံ/ဘဏ္ဍာ** | |
| ၉၂ | ဦးတင်သောင်း ရေစကြို(၁) | ရေစကြိုမြို့၏ မြို့ဝင်မြို့ထွက် လမ်းမကြီးအား(၂)လမ်းသွားအဖြစ် တိုးမြှင့်ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၉၃ | ဦးတင်သောင်း ရေစကြို(၁) | ရေစကြိုမြို့နယ် အနောက်မြောက်ဘက်ရှိ ငွေးဂုဏ်ရွာအဝင် "ငွေးဂုဏ်ပန်းချောင်း" အားချောင်းကူး တံတား သို့မဟုတ် ရေကျော် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၉၄ | ဦးဇော်မင်းထွန်း တောင်တွင်းကြီး(၁) | တောင်တွင်း- အောင်လံကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်(၂၆၇)နှင့် (၂၆၇/၁)အကြား ဝက္ကသေး ကျေးရွာအနီး ရန်ပယ်ချောင်းကို ဖြတ်သန်းတည်ဆောက်ထားသော တံတားအား အဆင့်မြှင့်တင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | | |
| ၉၅ | ဦးဇော်မင်းထွန်း တောင်တွင်းကြီး(၁) | တောင်တွင်းကြီးမြို့နယ်အတွင်း ၂၀၀၀ - ၂၀၀၁ ခုနှစ်က ဖော်ဆောင်ခဲ့သော ရန်ပယ်ဆည်တည် ဆောက်မှုလုပ်ငန်းစဉ်တွင် ဓါးမဦးချစိုက်ပျိုးလုပ်ကိုင်ခဲ့သော ဒေသခံတောင်သူများ၏ လယ်မြေများ ဆုံးရှုံးနစ်နာမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအနေဖြင့် မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၉၆ | ဦးဇော်မင်းထွန်း တောင်တွင်းကြီး(၁) | တောင်တွင်းကြီးမြို့နယ် ခရိုင်ချင်းဆက်လမ်း (ဆတ်သွား - ဗျန္ဒီ)ပေါ်ရှိ သီရိရတနာကျေးရွာ အပိုင်း အစုလေးအား ပြည်ထဲရေးဝန်ကြီးဌာနအမည်ပေါက် ကျေးရွာအဖြစ် အဆင့်မြှင့်တင်ပေးနိုင်ပါရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | **လုံနယ်** | |
| ၉၇ | ဦးကျော်ငွေ မင်းဘူး(၂) | မင်းဘူး(စကု)မြို့နယ်၊ အိုင်းမဆည်ထိပ်မှ မြောင်းဘောင်လမ်းအတိုင်း စကု - ပွင့်ဖြူကားလမ်းအထိ (၁၅)မိုင်လမ်း ပျက်စီးနေမှုအား မြေနီကျောက်ထပ်ပိုးလွှာခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၉၈ | ဦးဇော်မိုးအောင် သရက်(၂) | မကွေးမြို့တွင် စာပေဖွံ့ဖြိုးရေးကိစ္စကို စိတ်အားထက်သန်သော၊ စေတနာရှိသော အဖွဲ့အစည်းများ၊ ပညာရှင်များပူးပေါင်း၍ မြေလတ်ဒေသ စာကြည့်တိုက် တည်ထောင် ဆောက်လုပ်သွားရန် အစီ အစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၉၉ | ဦးဇော်မိုးအောင် သရက်(၂) | သရက်မြို့၊ အကျဉ်းထောင်တွင် ကျန်းမာရေးမှူး အကျဉ်းထောင် ဆရာဝန် ခန့်ထားပေးရန်နှင့် သရက်မြို့နယ်၊ ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များ ဖိတ်ကြား၍ ကုသဆောင်ရွက်ပေးပြီး ကျန်းမာရေးအသိပညာပေးခြင်းနှင့် ပြစ်ဒဏ်ကာလစေ့ လွတ်မြောက်သောအခါ ဘဝရပ်တည်နိုင်ရေးအတွက် အထောက်အကူဖြစ်စေမည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေး၊ စက်မှုလက်မှုလုပ်ငန်းများ သင်တန်းဖွင့်လှစ်သင်ကြားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | | |
| ၁၀၀ | ဦးဌေးဝင်း ထီးလင်း(၁) | ထီးလင်း - ဆင်စွယ်လမ်းပေါ်ရှိ လုံးပေါင်ကျေးရွာမှ အုန်းတွဲကျေးရွာကိုဖြတ်၍ ထီးလင်း - ဂန့်ဂေါ ပဆငလမ်း(၁၀၃)မိုင်အား ရာသီမရွေးသွားလာနိုင်သောလမ်းအဖြစ် ဖောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း၊ | | |
| ၁၀၁ | ဦးစန်းကြူ ငဖဲ(၁) | ငဖဲမြို့နယ်အတွင်း မြစ်ဖျားပဒါန်း - မန်းချောင်းကူးတံတား တည်ဆောက်ပေးရန် သို့မဟုတ် ဂျပန်မှအကူအညီပေးသော JIP ငုတ်လျှိုးတံတား တည်ဆောက်မှုအတွက် လိုအပ်သည်များကို ပံ့ပိုးကူညီပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်/ပို့** | |
| ၁၀၂ | ဦးစန်းကြူ ငဖဲ(၁) | မင်းဘူး(စကု)မြို့နယ်အတွင်းရှိ မန်းရွှေစက်တော်ဘုရားပွဲတော်ကြီးကို အေးချမ်းသာယာစွာ ကျင်းပပြီးစီးနိုင်ရေးအတွက် အရေးတကြီးလိုအပ်နေသော ဒေသန္တရဥပဒေကို သက်ဆိုင်ရာဌာနမှ အလျင်အမြန် ပြဋ္ဌာန်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဥပဒေချုပ်** | |
| ၁၀၃ | ဦးစန်းကြူ ငဖဲ(၁) | ငဖဲမြို့နယ်တောင်ပိုင်းရှိ စည်သာ၊ မာန်အောင်၊ ဆူးပဒေါင်းကျေးရွာအုပ်စုများသို့ 11 KV ဓါတ်အားလိုင်းနှင့် 100 KVA, 200 KVA ထရန်စဖော်မာများ တပ်ဆင်ပေးနိုင်ခြင်းရှိ/ မရှိ သိရှိလိုကြောင်း၊ | **သယံဇာတ** | |

| စဉ် | ကိုယ်စားလှယ် အမည်/ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁၀၄ | ဒေါ်စန်းစန်းဝင်း ချောက်(၁) | ချောက်မြို့တွင် ယာဉ်ထိန်းရဲများ အထူးလိုအပ်လျက်ရှိပါသဖြင့် ထပ်မံတိုးချဲ့ခန့်ထားပေးရန် အစီအစဉ်ရှိ/ မရှိ သိရှိလိုကြောင်း၊ | လုံနယ် | |
| ၁၀၅ | ဒေါ်စန်းစန်းဝင်း ချောက်(၁) | လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်းသားရွေးချယ်ရေးမှု၌ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များမှ ထောက်ခံအဆိုပြုလာပါက သက်ဆိုင်ရာ ပညာရေးကောလိပ်များတွင် သတ်မှတ်ထားသော လက်ခံသင်ကြားမည့်ဦးရေ၏ (၅)% လက်ခံမည်ဟူသောမူအား တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအားလုံးသို့ ပွင့်လင်းမြင်သာစွာ အကြောင်းကြားနိုင်မှု ရှိ/မရှိနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်ကဲ့သို့ ရွေးချယ်ရေးမူများသတ်မှတ်၍ ရွေးချယ်ခဲ့သည်ကို သိရှိလိုကြောင်း၊ | | |

၂၀.၁၂

၁၇.၁၂

၂၀.၁၂